THE WORLD BANK
IBRD • IDA | WORLD BANK GROUP

**သတင်းထုတ်ပြန်ချက်**

# ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်ရှိ ပြည်သူများနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စောင့်ရှောက်ကာကွယ်ပေးနိုင်ရန် ကမ္ဘာ့ဘဏ်၏ ချေးငွေ အကူအညီဖြင့် ဆောင်ရွက်သွားမည်

**ဝါရှင်တန် ဒီစီ၊ ဒီဇင်ဘာ ၉ ရက်၊ ၂၀၁၄ ခုနှစ်** - ကမ္ဘာ့ဘဏ်၏ အမှုဆောင်ဒါရိုက်တာဘုတ်အဖွဲ့သည် မြန်မာ နိုင်ငံ၏ ရေအရင်းအမြစ်များ အပါအဝင် ဧရာဝတီမြစ်ဝှမ်း ဘက်စုံ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ် အုပ်စု၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအသင်း (International Development Association) ရန်ပုံငွေထံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေကို ထုတ်ချေးရန် ယနေ့တွင် အတည်ပြု လိုက်သည်။

ဧရာဝတီမြစ်ဝှမ်း ဘက်စုံ စီမံခန့်ခွဲရေး စီမံကိန်းသည် လယ်ယာစိုက်ပျိုးရေးကဲ့သို့သော ရေရရှိရေးအပေါ်တွင် မှီခို နေရသည့် လုပ်ငန်းများတွင် အသက်မွေး ဝမ်းကျောင်း လုပ်ကိုင်နေကြသည့် သန်းနှင့်ချီသော အခြေခံလူတန်းစား ပြည်သူများ အကျိုးရှိစေရန် ရည်ရွယ် ဆောင်ရွက်သွားမည် ဖြစ်သည်။ မိုးခေါင်ရေရှားမှု၊ ရေလွှမ်းမိုးမှုနှင့် မုန်တိုင်း အန္တရာယ်များ ကျရောက်လေ့ရှိသည့် ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများ၏ ဘဝနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ကာကွယ်ပေးနိုင်ရန် ရည်ရွယ်သည်။ ထို့ပြင် ဧရာဝတီမြစ် ရေရှည် တည်တံ့ရေး ထိန်းသိမ်းဆောင်ရွက်မှု လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်နိုင်ရန်အတွက် ရေအရင်းအမြစ် စီမံခန့်ခွဲရေး အဖွဲ့အစည်းများ ထူထောင်ရာတွင် လည်းကောင်း၊ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်တွင် ပြုလုပ်မည့် ရင်းနှီးမြှုပ်နှံမှုများနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် သတင်းအချက်အလက်များ မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံရရှိနိုင်ရေးတွင် လည်းကောင်း မြန်မာနိုင်ငံ အစိုးရကို ကူညီသွားရန် ရည်ရွယ်ထားပါသည်။

*"ဒီစီမံကိန်းက မြန်မာနိုင်ငံအတွက် ရေအရင်းအမြစ်တွေကို ရေရှည်တည်တံ့မှုရှိရှိနဲ့ ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်ဖို့အတွက် အစပြုဆောင်ရွက်နိုင်ဖို့ ကူညီနိုင်မှာ ဖြစ်ပါတယ်။ ရေ အသုံးချမှု၊ မြစ်ကြောင်း သယ်ယူပို့ဆောင်ရေးနဲ့ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှုတွေ ဆောင်ရွက်ရာမှာ တိုးတက် စေမယ့် ဒီစီမံကိန်းအတွက် ငွေကြေး ထောက်ပံ့ကူညီနိုင်တဲ့အတွက် ကျွန်တော်တို့ အနေနဲ့ အထူး ဝမ်းမြောက်ရပါတယ်။ ဒီစီမံကိန်းက လယ်ယာထွက်ကုန်တွေနဲ့ ဝင်ငွေတွေကို တိုးတက် ထုတ်လုပ်နိုင်အောင် ကူညီ ဆောင်ရွက်နိုင်မှာ ဖြစ်လို့ မြစ်ကြောင်းတစ်လျှောက်မှာ နေထိုင်တဲ့ ပြည်သူတွေရဲ့ လူမှု စီးပွား ဘဝတွေကို သိသိ သာသာ တိုးတက်စေလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်"* **ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာ အဗ္ဗဒူလာရေ ဆက်** က ပြောသည်။

မြန်မာနိုင်ငံ၏ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာလေ့လာမှုများနှင့် သတိပေးစနစ်များကို ခေတ်မီအောင်ပြုလုပ်ခြင်းဖြင့် ရာသီဥတု ဆိုးရွားသည့် အန္တရာယ် ကျရောက်လွယ်သည့် ဒေသများကို ကာကွယ်ပေးနိုင်မည် ဖြစ်သည်။ ထိုဒေသများတွင် နေထိုင်ကြသူများသည် အများအားဖြင့် ဆင်းရဲနွမ်းပါးကြပြီး သဘာဝဘေး အန္တရာယ်များ၏ဒဏ်ကို အမျိုးသမီးများက ပိုမို ခံစားရလေ့ရှိသည်။ ထို့အတူ တိကျမှုရှိသည့် လယ်ယာစိုက်ပျိုးရေး အကြံပြုချက်များရရှိနိုင်ရန် တိုးမြှင့် ဆောင်ရွက်ပေးခြင်းဖြင့် လယ်သမားများ၏ ထုတ်လုပ်နိုင်စွမ်းကို တိုးမြှင့်နိုင်ပေးနိုင်မည် ဖြစ်သည်။

ယခု စီမံကိန်းသည် ရေကြောင်းမောင်းနှင့်သွားလာမှုကို ကူညီပံ့ပိုးရန်နှင့် ရေကြောင်း ပို့ဆောင်ရေးကို ပိုမိုဘေးကင်းပြီး စီးပွားရေးအရ ပိုမိုအလားအလာကောင်းအောင် လုပ်ဆောင်ရန်အတွက်ပါ ရည်ရွယ် စဉ်းစားထားခြင်းဖြစ်သည်။ လက်ရှိတွင် မြစ်ရေ နန်းပို့ချမှုများခြင်းသည် မြစ်ကြောင်း မောင်းနှင်သွားလာမှုအတွက် အဓိက စိန်ခေါ်မှုဖြစ်နေသည်။ ထို စိန်ခေါ်မှုကို ဖြေရှင်းရန် ယခုစီမံချက်သည် ရေကြောင်းမောင်းနှင် သွားလာမှုဆိုင်ရာ အထောက်အကူပြု လမ်းညွှန်အမှတ်အသားများကို မြစ်၏ အဓိက လမ်းကြောင်းများ တစ်လျှောက်တွင် တပ်ဆင်ရာတွင် ကူညီ ပံ့ပိုးပေးမည် ဖြစ်သည်။ ထို့ပြင် မြစ်ကြောင်းအား သိပ္ပံနည်းဖြင့် စနစ်တကျ ပုံစံပြုလေ့လာပြီး မြစ်ကြောင်း ထိန်းသိမ်းရေး လုပ်ငန်းများကို အထောက်အကူပြုပေးနိုင်မည် ဖြစ်သည်။

*"ကျွန်မှာ ဘဏ်ရဲ့အကူအညီနဲ့ ယခုစီမံကိန်းက ရေအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် စွမ်းဆောင်ရည်တည်ဆောက်တဲ့အပိုင်း ကို ထောက်ကူပေးမှာဖြစ်သလို ရေအသုံးပြုသူအားလုံးအတွက် သောက်သုံးရေအပါအဝင် ရေရဲ့ပမာဏ၊ အရည် အသွေးနဲ့ စိတ်ချ ယုံကြည်နိုင်မှု အခြေအနေတွေအပေါ် ထိရောက်တဲ့စီမံခန့်ခွဲမှုကိုပါ မြှင့်တင်ပေးနိုင်ပါလိမ့်မယ်။"* ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ပြောသည်။

*အသေးစိတ်ထပ်မံသိလိုပါက*
*www.worldbank.org/myanmar*

*ရန်ကုန်မြို့တွင် ဆက်သွယ်ရန်*

ကျော်စိုးလင်း: klynn@worldbank.org +95 9 203 1159
Meriem Gray: mgray@worldbank.org +959 421128395

*ဝါရှင်တန် ဒီစီ*

Carl Hanlon: chanlon@worldbank.org + (202) 473-8087